# ရှုမဝမဂ္ဂဇင်း ကဗျာဝေဖန်ရေးဆောင်းပါးများမှ စာရေးသူတို့၏ စာပေဝေဖန်ရေးအမြင်

ဇင်မင်းဦး[၁]


## စာတမ်းအကျဉ်း

ဤစာတမ်းသည် ရှုမဝမဂ္ဂဇင်း ကဗျာဝေဖန်ရေးဆောင်းပါးများမှ စာရေးသူတို့၏ စာပေဝေဖန်ရေးကိုလေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ရှုမဝမဂ္ဂဇင်းဆောင်းပါးများမှ စာရေးသူတို့၏ ဝေဖန်ရေးနည်းနာများကို ဖော်ထုတ်လိုခြင်းဖြစ်ပါသည်။ လေ့လာရာတွင် အခန်း(၁) ရှုမဝမဂ္ဂဇင်းသမိုင်းအကျဉ်း၊ အခန်း(၂) စာပေဝေဖန်ရေးသဘော၊ အခန်း(၃) ရှုမဝမဂ္ဂဇင်း ကဗျာဝေဖန်ရေးဆောင်းပါးများမှ စာရေးသူတို့၏စာပေဝေဖန်ရေးဟူ၍ အခန်း(၃)ခန်းခွဲကာ လေ့လာတင်ပြထားသည်။ ထိုသို့လေ့လာတင်ပြရာတွင် ရှုမဝမဂ္ဂဇင်း(၁၉၇၁–၁၉၇၂) ဆောင်းပါးများကို အလေ့လာခံအဖြစ်ထားရှိပါသည်။ စာရေးသူတို့၏ဝေဖန်ရေးနည်းများ ကိုလေ့လာတင်ပြရာတွင် ဆရာကြီးဦးဖေမောင်တင်နှင့် ဆရာဇော်ဇော်အောင်တို့၏ဝေဖန်ရေး နည်းနာများနှင့် ချိန်ထိုး၍ လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာတင်ပြခြင်းဖြင့် ရှုမဝမဂ္ဂဇင်းမှ စာရေးသူတို့၏အယူအဆနည်းနာများကို သိရှိနိုင်ပါသည်။ စာပေဝေဖန်ရေး ပြုလုပ်လိုသူများအတွက် သာမက မြန်မာစာပေအတွက်လည်း အကျိုးတစ်စုံတစ်ရာ ဖြစ်စေမည်ဟု ယူဆမိပါသည်။


သော့ချက်ဝေါဟာရ –နှိုင်းယှဉ်ဝေဖန်နည်း၊ အပြင်ဝေဖန်ရေး၊ အတွင်းဝေဖန်ရေး၊ အဆက်အစပ်ပြု ဝေဖန်ရေး၊ သမိုင်းစဉ်အရ ဝေဖန်ရေး၊ အတ္ထုပ္ပတ္တိနှင့်စပ်ဟပ်၍ ဝေဖန်ရေး

## နိဒါန်း

ဤစာတမ်းသည် ရှုမဝမဂ္ဂဇင်းမှ စာပေဆောင်းပါးများကို ယခင်က ပြုလုပ်ခဲ့ဖူးခြင်းမရှိသည့် စာပေဝေဖန်ရေးရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာရာတွင် ဘာသာရပ်ဆိုင်ရာ နှုန်းစံများနှင့်အညီ လေ့လာတင်ပြထားပါသည်။ စာပေကဏ္ဍရှိ ဝေဖန်ရေးနယ်ပယ်မှ လေ့လာ တင်ပြထားပါသည်။ သုတေသနပြုရန် ရှုမဝမဂ္ဂဇင်းများကို (၁၉၇၁မှ ၁၉၇၂)အထိ ၂နှစ်ပိုင်းခြားကန့်သတ်၍ လေ့လာထားပါသည်။ ဤစာတမ်းတွင် ရှုမဝမဂ္ဂဇင်းမှ စာရေးသူတို့၏ စာပေဝေဖန်ရေးနည်းနာများကို တွေ့ရှိရပါသည်။ ထိုဝေဖန်ရေးနညးနာများကို ပညာရှင်တို့၏နညးနာများနှင့် ချိန်ထိုး၍ လေ့လာ ဖော်ထုတ်ထားပါသည်။ ဤစာတမ်းတွင် စာပေဝေဖန်ရေး နည်းနာများ ကို လေ့လာတင်ပြထားရာ ဝေဖန်ရေးနှင့်ပတ်သက်၍ သင်မည်သို့နားလည်းပါသနည်း။ ဤစာတမ်းတွင် ရှုမဝမဂ္ဂဇင်းမှ စာပေ ဆောင်းပါးများအနက် စာရေးသူ(၇)ဦး ရေးသားထားသည့် ကဗျာနှင့်သက်ဆိုင်သည့် “ယနေ့ကဗျာဘယ်လဲ”၊“ပန်းနုရောင်၊ရွှေရောင်၊မြရောင်၊စိန်သားရောင်”၊“ညွန့်ကြူး၏ဘိုးဘိုးအောင်ဈေး”၊ “စကားပြေပြဿနာအချို့”၊ “ကဗျာစည်းဝါးနှင့်ကာရန်”၊ “ကဗျာလေ့လာသူ၏အလုပ်နှင့်တာဝန်”၊ “ကဗျာ့ပုံသဏ္ဍာန်”၊ “မြန်မာဘာသာစကားနှင့် ကာရန်မဲ့ကဗျာ”၊ “ကဗျာအယူအဆကို ရှာဖွေခြင်း”၊ “မင်းသုဝဏ်၏မှာတမ်း”၊ “ကြည်အေး၏သစ္စာသစ်”၊ “သခင်ကိုယ်တော်မှိုင်းနှင့် ဘုန်းတော်ဘွဲ့ပြဿနာ”၊ အပြန်အလှန်ပေးစာများ (သီပေါမင်းနှင့် စုဖုရားလတ်)”၊ “ရေးမှာတမ်းလွမ်းရမလို”ဟူသည့် ဝေဖန်ရေးဆောင်းပါး (၁၄) ပုဒ်ကို လေ့လာဖော်ထုတ် တင်ပြထားပါသည်။ လေ့လာရာတွင် ဝေဖန်ရေး စာပေစာတမ်းများ (ဒုတိယတွဲ)တွင်ပါရှိ သည့် နည်းနာများ၊ ဆရာဇော်ဇော်အောင်၏ စာပေသဘော တရား၊ စာပေဝေဖန်ရေးအခြေခံကျမ်းမှ နည်းနာများကို

[၁] နည်းပြ၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

အခြေခံ၍ လေ့လာတင်ပြထားပါသည်။ ဤဝေဖန်ရေး ဝေဖန်ရေးနည်းနာများကို အသုံးပြု၍ စာပေများကို ဝေဖန်အကဲဖြတ် လေ့လာမှုများ ပြုလုပ်နိုင်ပါသည်။

ဤစာတမ်းတွင် ကဗျာတစ်ပုဒ်ကို လေ့လာရာတွင် မည်သည့် ရှုထောင့်များမှ လေ့လာတင်ပြနိုင်ပါသနည်း၊ စာပေဝေဖန်ရေးဟူသည် မည်သို့သော ပညာရပ်ဖြစ်သနည်း၊ ကဗျာများကို ဝေဖန်ရေးရှုထောင့်မှ မည်သို့ လေ့လာတင်ပြနိုင်သနည်း ဟူသည့် မေးခွန်းများတွက် လေ့လာတင်ပြထားပါသည်။

၁။ ရှုမဝမဂ္ဂဇင်းသမိုင်းအကျဉ်း

ရှုမဝရုပ်စုံမဂ္ဂဇင်းကို ၁၉၄၇ ခုနှစ်တွင် စတင်၍ တည်းဖြတ်ထုတ်ဝေခဲ့သည်။ စတင်တည်ထောင်သူမှာ ရှုမဝဦးကျော်ဖြစ်သည်။ ၁၉၅၂–ခုနှစ်တွင် ရှုမဝတစ်ထောင်ဆုခေါ် စာပေဆုများကို ပေးအပ်ခဲ့သည်။ စတင်ထုတ်ဝေရာတွင် အတွဲ(၁)၊ အမှတ်(၁)ဟု သတ်မှတ်ထားခဲ့သည်။ (၁၂) အုပပြည့်တိုင်း အတွဲသစ် ကို ထုတ်ဝေသည်။ တင့်တယ်၏"သွေးနှင့်မျက်ရည် နယ်ချဲ့ဆန့်ကျင့်ရေး" ဝတ္ထု ရှည်ကြီးကို ထည့်သွင်း ဖော်ပြခဲ့သည်။ သော်တာဆွေ၊ ရွှေဥဒေါင်း၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ဇေယျ၊ ဉာဏ၊ သုခ၊ ဒဂုန်ရွှေမျှား စသည့် နာမည်ကြီးစာရေးဆရာများ အားဖြည့်ရေးသားကြသည်။ တင့်တယ်နှင့် သော်တာဆွေသည် ဤမဂ္ဂဇင်းမှ နာမည်ရလာသူများဖြစ်သည်။

လွတ်လပ်ရေးရသောအခါ ပြည်တွင်းဆူပူမှုများကြောင့် အခြားမဂ္ဂဇင်းစာစောင်များ ရပ်ဆိုင်းသွားသော်လည်း ရှုမဝမှာ လစဉ်မပျက်ထုတ်ဝေနိုင်ခဲ့သည်။ ခေတ်ပြိုင်ထုတ်ဝေသော မဂ္ဂဇင်းများမှာ ပဒေသာ၊ ပညာ၊ ယုဇနရုပ်စုံ၊ တော်ဝင်၊ ကြေးမုံ၊ နိုင်ငံသစ်စာစောင် စသည်တို့ ဖြစ်သည်။

မဂ္ဂဇင်း၏ထူးခြားချက်မှာ မျက်နှာဖုံးကို အလှကျက်သရေဆောင် အမျိုးသမီးပန်းချီများဖြင့် ပုံနှိပ်ခြင်းဖြစ်သည်။ ၁၉၉၁ ခုနှစ်၊ ဇွန်လမှစ၍ သရုပ်ဆောင်အမျိုးသမီး ဓာတ်ပုံများဖြင့် ပြောင်းလဲထုတ်ဝေသည်။ ပျမ်းမျှအားဖြင့် စာမျက်နှာ (၂၀၀) ခန့်ပါဝင်ပြီး ကြော်ငြာစာမျက်နှာ (၁၀) မျက်နှာခန့် ထည့်သွင်းသည်။ မာတိကာကို ကျောဖုံးတွင်အများအားဖြင့် ဖော်ပြထားတတ်ပြီး အချို့စာအုပ်များတွင် ရှေ့ဘက်၌ တွေ့ရတတ်သည်။ ပါဝင်သောအခန်းကဏ္ဍများမှာ ကဗျာ၊ ကာတွန်း၊ ပုံပြင်၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ မမေ့နိုင်တဲ့ပြဿနာ၊ ဆောင်းပါး၊ အဟိ၊ စာကြည့်တိုက်၊ ကမ္ဘာဆိုးပေကြီးများ၊ တကယ့်အဖြစ်အပျက်၊ ကလေးရှုမဝ၊ ချစ်ကိုယ်တွေ့တို့ဖြစ်သည်။

အတွဲ (၁၄)၊ အမှတ်(၁၅၇)သည် အထူးထုတ်ဖြစ်သည်။ စတင်ထုတ်ဝေစဉ်တွင်(၁၆× ၂၂) စင်တီမီတာဖြင့် ဖြန့်ချိပြီး ၁၉၈၅ ခုနှစ် နိုဝင်ဘာလမှစ၍ (၁၈× ၂၄) စင်တီမီတာသို့ ပြောင်းလဲခဲ့သည်။ ပထမဆုံးထည့်သွင်းခဲ့သည့် ရာဇဝင်ရုပ်ပြတွင် နတ်ရှင်နောင် ဇာတ်လမ်းအား ဖော်ပြခဲ့ပြီး ရေးဆွဲသူမှာ ဦးစိန်ဖြစ်သည်။ ရှုမဝဦးကျော်သည် တာဝန်ခံစာတည်းအဖြစ် တာဝန်ယူပြီး ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် စာတည်းချုပ်အဖြစ် ဆောင်ရွက်သည်။ တင့်တယ်နှင့် ငွေဥဒေါင်းက အတိုင်ပင်ခံ စာတည်းချုပ် အဖြစ် ဆောင်ရွက်သည်။ ဒဂုန်ဝင်း၊ သန်းဆွေ၊ မောင်ကြည်ဆွေ၊ မောင်သာရ၊ ရန်အောင်၊ မောင်ဆွေတင့်၊ မင်းယုနိုင်၊ မောင်မြင့်မြတ်တို့မှာ စာတည်းများအဖြစ်လည်းကောင်း၊ ဒေါ်မြမြသန်းမှာ အုပ်ချုပ်မှုစာတည်းအဖြစ်လည်းကောင်း အလှည့်ကျ တာဝန်ယူသည်။ ယာယီစာတည်းအဖြစ် သောတာဆွေ၊ အောင်လင်း၊ မြသန်းတင့်တို့က ဆောင်ရွက်ကြပြီး မောင်ဆွေတင့်မှာ ၁၉၆၂ခုနှစ်မှစ၍ တာဝန်ခံစာတည်းအဖြစ် ဆောင်ရွက်သည်။ ဦးကျော်ကွယ်လွန်

သောအခါ သားဖြစ်သူ မောင်ဆွေတင့် က ဆက်လက်ထုတ်ဝေပြီး ၁၉၉၂ ခုနှစ်၊ ဇူလိုင်လမှစ၍ ကျန်းမာရေးအခြေအနေအရ ဆက်လက် ထုတ်ဝေနိုင်ခြင်း မရှိတော့ပေ။[၁]

## ၂။ စာပေဝေဖန်ရေးသဘော

စာပေဝေဖန်ရေးနှင့်ပတ်သက်သည့် ပညာရှင်တို့၏အဆိုအမိန့် ဖွင့်ဆိုချက်များစွာ ရှိပါသည်။ ဝေဖန်ရေးနှင့်ပတ်သက်၍ မောင်စံဖော်က ရှုမဝမဂ္ဂဇင်းတွင်–

> "စာပေဝေဖန်ရေးသည် ဓာတုဗေဒကဲ့သို့သော သဘာဝသိပ္ပံပညာ မဟုတသည်ကားမှန်၏။ သို့သော် စိတ်ပညာတို့ကဲ့သို လူမှုသိပ္ပံပညာရပ် တစ်ခုဖြစ်သည်ဟုကား ဆိုချင်ပါသည်။ အဘယ့်ကြောင့်နည်း။ စာပေဝေဖန်ရေးဆရာ၏ လုပ်ထုံးလုပ်နည်းသည် သိပ္ပံပညာရှင်၏ လုပ်ထုံးလုပ်နည်းနှင့်တူသောကြောင့် ဖြစ်ပါသည်။" [၂]

ဟူ၍ ဖော်ပြထားပါသည်။ ထို့ပြင် ဆရာဇော်ဇော်အောင်ကလည်း–

> "ကောင်းသည်၊ ညံ့သည် ပြောရုံမျှဖြင့် ဝေဖန်ရေးအရာ မမြောက်ဟု အချုပ်မှတ်ယူ သင့်သည်။ "အကောင်းအညံ့(ဝါ) စာပေတစ်ရပ်၏ အကောင်းအညံ့ကို ကြောင်းကျိုးယုတ္တိသာဓကတို့ဖြင့် ခိုင်လုံစွာ ခွဲခြားပြသခြင်းသည် ဝေဖန်ရေးဖြစ်၏။" [၃]

ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် ဝေဖန်ရေးဆိုသည်မှာ ကောင်းသည်၊ ညံ့သည်ပြောဆိုရုံဖြင့် ဝေဖန်ရေးမမည်။ အကျိုးအကြောင်းနှင့် သုံးသပ်တင်ပြခြင်းသည်သာ ဝေဖန်ရေးဖြစ်သည်။

အထက်ပါပညာရှင်တို့၏ အဆိုအမိန့်များအရ စာပေဝေဖန်ရေးဆိုသည်မှာ စာပေတစ်ရပ် ကို ဝေဖန်ရာ၌ အကောင်းအဆိုး အကျိုးအပြစ်ကို ကျိုးကြောင်းနှင့်တကွ ထောက်ပြဝေဖန်ခြင်း၊ စာပေဆိုင်ရာ နည်းလမ်း၊ စံနှုန်းမ|ားဖြင့် ချိန်ထိုးအကဲဖြတ်ခြင်းပင်ဖြစ်သည်။

စာပေဝေဖန်ရာတွင် အသုံးပြုသည့် နည်းနာများနှင့်ပတ်သက်၍ မြဇင်က မြန်မာစာပေသမိုင်းတွင် ဆရာကြီးဦးဖေမောင်တင် အသုံးပြုခဲ့သည့် နည်းနာများကို–

> "ဦးဖေမောင်တင်သည် စာပေဝေဖန်အကဲဖြတ်ရာ၌ သမိုင်းစဉ်အရ ဝေဖန်နည်း၊ ယှဉ်နှိုင်းဝေဖနနည်း၊ အတ္ထုပ္ပတ္တိနှင့် စပ်ဟပ်ဝေဖန်နည်း၊ သြဇာသက်ရောက်လွှမ်းမိုးမှုပြ ဝေဖန်နည်း၊ တန်ဖိုးအကဲဖြတ်ဝေဖန်နည်း စသော ဝေဖန်နည်းအမျိုးမျိုးကို အသုံးပြုခဲ့သည်။" [၄]

ဟူ၍ ဝေဖန်နည်း ၅ မျိုးဖြင့် ဝေဖန်ခဲ့ကြောင်းဖော်ပြထားသည်။

စာပေဝေဖန်မှုပြုလုပ်ရာတွင် ထင်ရှားသော စာပေဝေဖန်ရေးအယူအဆ(၅)မျိုးကို ဆရာဇော်ဇော်အောင်က စာပေသဘောတရားနှင့် စာပေဝေဖန်ရေး အခြေခံကျမ်းစာအုပ်တွင်–

(၁) ပုံသေစည်းမျဉ်းချဝေဖန်ရေး [၅]
(၂) အင်ပရက်ရှင်းနစ်ဝေဖန်ရေး **(Impressionist)** [၁]

---

[1] "https://my.wikipedia.org/w/index. Php?title=ရှုမဝရုပ်စုံမဂ္ဂဇင်း
[၂] စံဖော်၊ မောင်၊ ၁၉၇၂၊ ဇူလိုင်၊ အတွဲ–၂၆၊ အမှတ်–၃၀၂၊ ၁၉။
[၃] ဇော်ဇော်အောင်၊ ၂၀၁၅၊ ၁၀၁။
[၄] မြဇင်၊ ၁၉၈၆၊ ၄၁။
[၅] ဇော်ဇော်အောင်၊ ၂၀၁၅၊ ၁၂၆။

(၃) ရည်ရွယ်ချက်အဓိကဝေဖန်ရေး **(Intentionalist)** [၂]
(၄) အတွင်းဝေဖန်ရေး **Intrinsic/** ဝေဖန်ရေးသစ် **New Criticism** [၃]
(၅) **Contextual** အပြင်ဝေဖန်ရေး တို့ဖြစ်သည်။ [၄]

ဟူ၍ ဝေဖန်ရေးနည်းလမ်း(၅)မျိုးကို တင်ပြထားသည်။

ထို့ကြောင့် စာပေဝေဖန်ရေးဆရာတစ်ယောက်သည် စာပေတစ်ရပ်ကို ဝေဖန်ရာတွင် စနစ်တကျဖြင့် ဝေဖန်မှုပြုရမည်။ သမာသမတ်ကျသည့် ဝေဖန်မှုမျိုးကိုသာပြုလုပ်ရမည်။ မိမိ ဝေဖန်ချက်သည် စာဖတ်သူအား အတွေးသစ်အမြင်သစ်တို့ကို ဖော်ဆောင်ပေးနိုင်ရမည်။ မှန်ကန်တိကျသည့် ဝေဖန်မှုမျိုးဖြင့် ဝေဖန်ရေးသားရမည်ဖြစ်သည်။

## ၃။ ရှုမဝမဂ္ဂဇင်း ကဗျာဝေဖန်ရေးဆောင်းပါးများမှ စာရေးသူတို့၏စာပေဝေဖန်ရေး

ရှုမဝမဂ္ဂဇင်းပါ ကဗျာဆိုင်ရာဆောင်းပါးများမှ စာရေးသူတို့၏ဝေဖန်ရေးကို လေ့လာရာတွင် ဦးဖေမောင်တင်နှင့် ဆရာဇော်ဇော်အောင်တို့၏ ဝေဖန်နည်းနာများနှင့် ချိန်ထိုး၍ လေ့လာတင်ပြသွားပါမည်။ စာရေးသူတို့သည် စာပေများကို ဝေဖန်ရာတွင် စာရေးသူတို့၏ ဝါဒ၊ နည်းနာ၊ အတင်အပြတို့ အပေါ်တွင် သုံးသပ်အကဲဖြတ် ဝေဖန်ခြင်း၊ စာဆို၊ စာအမျိုးအစား၊ ခေတ်ကာလ အခြေအနေတို့ကို အခြေတည်၍ ဝေဖန်ခြင်းများ ပြုလုပ်ကြသည်။

ရှုမဝမဂ္ဂဇင်းဆောင်းပါးများတွင် ကဗျာနှင့်ပတ်သက်၍ ဒဂုန်တာရာ၊ မောင်တင်ဆွေ၊ မြင့်ဆွေ၊ မင်းနွယ်၊ မောင်ဇော် (ဇော်ဇော်အောင်)၊ မောင်စံဖော်၊ အောင်သင်း စသည့် စာရေးဆရာ များက ဝေဖန်စာများ ရေးသားခဲ့သည်။ ကဗျာပုံသဏ္ဌာန်၊ ကဗျာ လေ့လာနည်း၊ ကဗျာနှင့် ပတ်သက်သည့် အယူအဆ၊ အရေးအဖွဲ့ စသည့်တို့နှင့် ပတ်သက်၍ ဝေဖန်ရေးသားကြသည်။

### ဒဂုန်တာရာ

၁၉၇၁ ခုနှစ် ဇန်နဝါရီလထုတ် ရှုမဝမဂ္ဂဇင်းတွင် ဒဂုန်တာရာက “ယနေ့ကဗျာ ဘယ်လဲ” ဆောင်းပါး၌ ထိုခေတ်ကဗျာ၏အခြေအနေကို သုံးသပ်ဝေဖန်ထားသည်။ ကဗျာဟူသည် ခေတ်ကာလကို အခြေခံ၍ ပြောင်းလဲလာတတ်ကြောင်း ဖော်ပြသည်။ ကဗျာအဖွဲ့ပုံစံများသည် သူ့ခေတ်နှင့်သူ ပြောင်းလဲလာပုံကို သမိုင်းစဉ်အရဝေဖန်ရေးနည်းဖြင့် သုံးသပ်ပြထားသည်။ ယနေ့ခေတ်တွင်လည်း ကဗျာများသည် ခေတ်ကာလအလျောက် အကြောင်းအရာ၊ ရေးဖွဲ့ပုံတို့ ပြောင်းလဲလာပုံကို တင်ပြထားသည်။ ထို့ပြင် ကဗျာတွင် သင်္ကေတဝါဒ၊ နိမိတ်ပုံဝါဒ၊ ပုံသဏ္ဌာန်ဝါဒတို့ကို အသုံးပြုလာကြောင်း ထိုခေတ်ကဗျာ ဆရာတို့၏ ဝါဒကိုလည်း ထုတ်နုတ်ဝေဖန်မှုပြုထားသည်။ ယနေ့ခေတ်သည် “စာပေသစ်”ဟူသည့် ကြွေးကြော်သံနှင့်အညီ အဖိနှိပ်ခံပြည်သူဘက်မှ ကဗျာများသည် သစ်ရမည်ဟူ၍လည်း မိမိ၏ အယူအဆကို တင်ပြထားသည်။ ဒဂုန်တာရာသည် ကဗျာနှင့်ပတ်သက်၍ ဝေဖန်မှုပြုရာတွင် အပြင် ဝေဖန်ရေးကို အသုံးပြု၍ ဝေဖန်ထားသည်။ ခေတ်ကာလအခြေအနေ၊ ထိုခေတ်စာရေးသူတို့၏ အယူအဆများနှင့် နှိုင်းယှဉ်၍ အကြောင်းအရာ၊ အရေးအဖွဲ့၊ ပုံသဏ္ဌာန်တို့ ပြောင်းလဲလာပုံကို ဝေဖန်ထားသည်။

---

[၁] – ယင်း –၊ ၁၃၁။
[၂] – ယင်း –၊ ၁၃၄။
[၃] – ယင်း –၊ ၁၃၉။
[၄] – ယင်း –၊ ၁၄၁။

၁၉၇၂ခုနှစ် ဩဂုတ်လထုတ် မဂ္ဂဇင်းတွင်လည်း ဒဂုန်တာရာက "ပန်းနုရောင် ရွှေရောင်၊ မြရောင် စိန်သားရောင်" ခေါင်းစဉ်ဖြင့် ယနေ့ခေတ် ကဗျာပုံသဏ္ဌာန်များ ပြောင်းလဲလာပုံနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြထားသည်။ ထိုသို့တင်ပြရာတွင် ခေတ်အဆက်ဆက် ကဗျာပုံသဏ္ဌာန် များပြောင်းလဲလာပုံကို တင်ပြထား၍ သမိုင်းစဉ်အရဝေဖန်နည်းဖြင့်လေ့လာထားသည်။ ခေတ်စမ်းခေတ်တွင်လည်း ကဗျာပုံသဏ္ဌာန်ပြောင်းလဲလာသကဲ့သ ဆိုရှယ်လစ်ခေတ်တွင်လည်း ကဗျာပုံသဏ္ဌာန် များပြောင်းလဲလာကြောင်းကို နှိုင်းယှဉ်ဝေဖန်နည်းဖြင့် တင်ပြထားသည်။ ကဗျာများ ပြောင်းလဲလာ သော်လည်း ပြောင်းလဲလာရသည့် အခြေခံအကြောင်းတရားများမတူညီကြပုံကို

> "လွန်ခဲ့သောအနှစ် ၄၀ခန့်၊ ခေတ်စမ်းခေတ်ကတည်းက ရေးဂန္ထဝင်ကဗျာပုံသဏ္ဌာန်မှခွဲထွက်သောကြိုးပမ်းမှုကို လူငယ်များက စတင်ပါဝင်လာခဲ့သည်မှာ ထင်ရှားသောအချက်ဖြစ်သည်။ ယင်းကိုစေ့ဆော်သောစိတ်ဓာတ်မှာ လွတ်လပ်လိုသော စိတ်ဓာတ်ဖြစ်သည်။ တူကြသည်။ ခြားနားသည်ကား ခေတ်စမ်းခေတ်လူငယ်တို့၏ ခေတ်အတွေ့အကြုံ၊ ပတ်ဝန်းကျင် တို့၏ နိုင်ငံရေးအင်အားချင်း မတူခြင်းတို့သာလျှင် ဖြစ်ပေသည်။ ခေတ်စမ်းခေတ်က လူငယ်သည် ပင်နီဝတ်၍ ဝံသာနုစိတ်ကိုဖော်ပြသည်။ ယနေ့လူငယ်တို့ကား စစ်နှင့်တော်လှန်ရေး၌ နပမ်းလုံး နေကြသည်။ [၁]

ဟူ၍ စာပေပုံသဏ္ဌာန်သစ်များဖြင့် ရေးဖွဲ့လာကြပုံခ|င်း တူညီသော်လည်း ခံယူချက်မတူကြောင်း နှိုင်းယှဉ် ဝေဖန်ပြထားသည်။ ထိုသို့ မတူညီကြသဖြင့် ရေးဖွဲ့ပုံများ မတူညီကြပုံကို ထောက်ပြဝေဖန်၍ "စာပေသစ်"ခေတ်ကဗျာများ၏ပုံသဏ္ဌာန်ပြောင်းလဲလာပုံကို ထောက်ခံတင်ပြထားသည်။

ထိုကာလတွင် ခေတ်ပေါ်ကဗျာဆရာတို့၏အယူအဆနှင့် ခေတ်စမ်းခေတ်ကဗျာဆရာတို့၏ လမ်းစဉ်ကို လိုက်ကြသည့် ကဗျာဆရာတို့၏အယူအဆတို့ အားပြိုင်နေသည့် ကာလဖြစ်သည်။ ထို့ကြောင့် ရှုမဝမဂ္ဂဇင်းဆောင်းပါးများတွင် ခေတ်ပေါ် ကဗျာဆိုင်ရာ အယူဝါဒတို့နှင့်ပတ်သက်၍ ဝေဖန်ရေးကြသည့် ဆောင်းပါးများကို တွေ့ရသည်။ ဒဂုန်တာရာသည် စာပေကိုဝေဖန်မှုပြုရာတွင် စာပေသည် ပြည်သူ့အတွက်၊ အနုပညာသည် ပြည်သူ့အတွက်ဟူသည့် ဝါဒကို လက်ကိုင်ထား၍ ဝေဖန်လေ့ရှိသည်။ စာပေတစ်ရပ်ကိုဝေဖန်ရာတွင် သမိုင်းတွင် ပေါ်ပေါက်ခဲ့သည့် အကြောင်းအရာ အဖြစ်အပျက်တို့နှင့် ချိန်ထိုးကာ ဝေဖန်လေ့ရှိ သည်ကို တွေ့ရပါသည်။ သမိုင်းစဉ်အရဝေဖန်နည်းနှင့် နှိုင်းယှဉ်ဝေဖန်နည်းကို အများဆုံးအသုံးပြု လေ့ရှိသည်ကို တွေ့ရသည်။

မောင်ဇော်(ဇော်ဇော်အောင်)

မောင်ဇော်ကလည်း ၁၉၇၂ခုနှစ် ဇူလိုင်လထုတ် မဂ္ဂဇင်းတွင် "ညွန့်ကြူး၏ဘိုးဘိုးအောင် ဈေး" ကဗျာကို ကဗျာရေးဖွဲ့ပုံ၊ ကာရန်ယူပုံ၊ ကဗျာပါအကြောင်းအရာတို့ကို အတွင်းဝေဖန်ရေးဖြင့် ဝေဖန်ထားသည်။ အကြောင်းအရာတင်ပြပုံကို ဝေဖန်ရာတွင် ခေတ်ကာလ၏အခြေအနေနှင့် ဆက်စပ်၍ အပြင်ဝေဖန်ရေး ရှုထောင့်မှလည်း လေ့လာတင်ပြထားသည်။

ဇန်နဝါရီလထုတ် မဂ္ဂဇင်းတွင်မူ "စကားပြေကဗျာ ပြဿနာအချို့"ဟူသည့် ခေါင်းစဉ်ဖြင့် စကားပြေကဗျာ၏သဘောကို သုံးသပ်ဝေဖန်ထားသည်။ စကားပြေကဗျာ၏သဘောကို

> "ကာရန်စည်းစနစ်များကို ဖယ်ရှား၍ စကားပြေမှ ဝါကျများ၊ ပုဒ်အစု များကို သင့်လျော်သလို စာလုံးစီ ပုံနှိပ်ထားသော ကဗျာမျိုးကို စကားပြေကဗျာဟု ခြုံ၍ ခေါ်ဆိုသတ်မှတ် ထားပါသည်။" [၂]

---

[၁] တာရာ၊ ဒဂုန်၊ ၁၉၇၂၊ ဇူလိုင်၊ အတွဲ-၂၅၊ အမှတ်-၃၀၂၊ ၁၈၇။
[၂] ဇော်၊ မောင်၊ ၁၉၇၂၊ ဇန်နဝါရီ၊ အတွဲ-၂၅၊ အမှတ်-၂၉၆၊ ၁၈၉။

ဟူ၍ စကားပြေကဗျာ၏သဘောကို ဦးစွာ အနက်ဖွင့်အကဲဖြတ် ဝေဖန်ခြင်းဖြင့် ဝေဖန်ထားသည်။ ထို့နောက် စကားပြေမှ ဝါကျများ၊ ပုဒ်အစုများကို သင‌ျော်သလို စာလုံးစီထားသော်လည်း ထိုအစဉ်များသည် အဓိပ္ပာယ် ရှိဖို့လိုအပ်ကြောင်းကို သာဓကများပြ၍ သုံးသပ်ဝေဖန်ပြထားသည်။ စမ်းသပ်တီထွင်ရေးသားနေကြသော်လည်း ပြည်သူလူ၏လက်ခံမှုသည်သာ ပဓာနဖြစ်ကြောင်း သုံးသပ်ဝေဖန်ထားသည်။

ထို့ပြင် စကားပြေကဗျာအကြောင်း ပြောဆိုဆွေးနွေး၊ထောက်ခ၊ကန့်ကွက်ကြမည်ဆိုလျှင်

(၁) ကျနော်တို့ ဘာသာစကား၏ သဘာဝ။
(၂) ကျနော်တို့ ကဗျာအစဉ်အလာ။
(၃) ကျနော်တို့ ပြည်သူများ [၁]

ဟူသည့် အချက်သုံးချက်ကို ဂရုပြုဖို့လိုကြောင်း တင်ပြထားသည်မှာ မှတ်သားဖွယ်ကောင်း၍ စကားပြေကဗျာဆရာများအတွက် သတိပြုစရာ နည်းလမ်းများဖြစ်သည်။ ထို့ကြောင့် မြန်မာစာပေ တိုးတက်ရေးအတွက် ကြိုးစားနေကြသည့် စာပေသမားများအတွက် အထောက်အပံ့ဖြစ်စေရုံ သာမက မြန်မာစာပေအတွက်လည်း အဖိုးတန်သည့် ဆောင်းပါးတစ်ပုဒ်ပင် ဖြစ်ပါသည်။ ဇော်ဇော်အောင်သည် စာပေကို ဝေဖန်မှုပြုရာတွင် ပြတ်သားစွာ ဝေဖန်လေ့ရှိသည်။ မိမိအယူအဆ၊ မိမိဝါဒတို့ကိုလည်း ယုံကြည်စွာလက်ကိုင်ထား၍ ဝေဖန်တတ်သည်။ ကိုယ်တိုင် သီအိုရီများ ထုတ်၍ မိမိသီအိုရီများနှင့် ချိန်ထိုးဝေဖန်တတ်သည်။

မောင်စံဖော်

၁၉၇၂ ခုနှစ် ဧပြီလထုတ် ရှုမဝမဂ္ဂဇင်းတွင် မောင်စံဖော်က မောင်သာနိုး၏ "ရစ်သမ်" ဟူသော အယူအဆနှင့် ပတ်သက်၍ ဝေဖန်ထားသည်။ မောင်သာနိုးသည် "ရစ်သမ်"နှင့် ပတ်သက်၍ အယူ အကောက် မှားနေသည်ကို ထောက်ပြထားသည်။ ထို့ပြင် "ရစ်သမ်" သဘောကို မောင်စံဖော်က–

> "ရစ်သမ်ဆိုသည်မှာ "အချိန်မှန်စွာ ညီညီညတ်ညွတ် ထွက်ပေါ်လာသော အသံများဟူ၍လည်းကောင်း၊ 'လှိုင်းလုံးများကဲ့သို့ တကျော့ပြီး တကျော့ ဖြစ်လာ သော လှုပ်ရှားမှု သို့မဟုတ် အသံဟူ၍လည်းကောင်း တွေ့ရပါသည်။ ရစ်သမ်သည် အသံမည်ကာမတ္တမဟုတ်၊ လှိုင်းအိသကဲ့သို့ တကျော့ပြီး တကျော့ (အနည်းနှင့်အများ) အချိန်မှန်စွာ ညီညီညွတ်ညွတ် နားတွင် ကြားလိုက်ရသော အသံဟု ချုပ်ယူ လျှင် ရမည်ထင်ပါသည်။" [၂]

ဟူ၍ "ရစ်သမ်"သဘောကို ဖွင့်ဆိုပြပြီး မောင်သာနိုး၏အယူအဆကို ထောက်ပြဝေဖန်ထားသည်။ "ရစ်သမ်"သည် မြန်မာကဗျာအတွင်းရှိ ကာရန်သဘောနှင့် အတူတူပင်ဖြစ်ကြောင်း မြန်မာကဗျာ အတွင်းရှိ ကာရန်၏သဘောသဘာဝနှင့်လည်း နှိုင်းယှဉ်၍ ဝေဖန်မှုပြုထားသည်။ မောင်သာနိုး၏ ရစ်သမ် ဝါဒကို တန်ဖိုးအကဲဖြတ်နည်းဖြင့်လည်း ဝေဖန်ထားသည်။

၁၉၇၂ ခုနှစ် မေလထုတ် ရှုမဝမဂ္ဂဇင်းတွင်လည်း မောင်စံဖော်က "ကဗျာလေ့လာ သူ၏ အလုပ်နှင့်တာဝန်" ဆောင်းပါးတွင်

> "ကဗျာပုံစံ အကြောင်းအရာတို့နှင့် ပတ်သက်၍ စကားအသုံးအနှုန်း ရောထွေး မနေဘဲ ရှင်းလင်းပြတ်သားဖို့ လိုသည်။× × စကားအသုံးအနှုန်း ပြတ်သား၍ အမြင်ရှင်းမှ အတွေးအခေါ်ရှင်း၍ လုပ်ဆောင်မှု တိုးတက်မည်ဟု မြဇင်က

[၁] ဇော်၊ မောင်၊ ၁၉၇၂၊ ဇန်နဝါရီ၊ အတွဲ–၂၅၊ အမှတ်–၂၉၆၊၁၉၃။
[၂] စံဖော်၊ မောင်၊ ၁၉၇၂၊ ဧပြီ၊ အတွဲ– ၂၅၊ အမှတ်– ၂၉၉၊ မပါ။

> ဆိုထားပါသည်။ သူ့စကားကို ဆင်ခြင်လျှင် 'စကား အသုံးအနှုန်း ပြတ်သားမှု၊ အမြင်ရှင်းမှု၊ အတွေးအခေါ်ရှင်းမှု၊' ဟူသော ကွင်းဆက်ကို ရပါသည်။" [၁]

ဟူ၍ မြဇင်၏ ကဗျာနှင့်ပတ်သက်သည့် အယူအဆကို အတွင်းဝေဖန်မှုဖြင့် သုံးသပ်ဝေဖန် ပြထားသည်။ မြဇင်က အသုံးအနှုန်းပြတ်သားမှ အမြင်ရှင်း၍ အတွေးအခေါ်ရှင်းမည်ဟူသည့် ယူဆချက်ကို မောင်စံဖော်က

> "ယနေ့သုံးနှုန်းလေ့ရှိသည့် 'တွေးခေါ်မြော်မြင်းရေး'ဟူသော စကားကိုကြည့်လျှင် မကြာခဏပင် 'အမြင်'နှင့် 'အတွေးအခေါ်'တို့မှာ ယာဂုနှင့် ထမနဲ သဘောမျှသာ ဖြစ်နေသည်ကို တွေ့နိုင်ပါသည်။ ထို့ပြင် အတွေးအခေါ် ရှင်းရန်မှာလည်း စကားအသုံးအနှုန်းမှာထက နားလည်ချက်၊ ခံယူချက် ပြတ်သားကြည်လင်မှု အပေါ်မှာ ပိုတည်သည်ဟု ဆိုချင်ပါသည်။ ထို့ကြောင့်ပင်လည်း နားလည်ချက်၊ ခံယူချက်မှန်ကန်ပြတ်သားရေးထက် စကားအသုံးအနှုန်းပြတ်သားရေကို ပဓာနထားသော မြဇင်သည် မြန်မာကဗျာကို ရှင်းလင်းပြတ်သားစွာ နားမလည်နိုင် ဖြစ်နေဟန်တူပါသည်။" [၂]

ဟူ၍ မြဇင်၏အယူအဆကို ပြတ်သားစွာ ဝေဖန်မှုပြုထားသည်။ ထိုသို့ ဝေဖန်ရာတွင် ဆောင်းပါးတစ်ပုဒ်လုံးကို အသေးစိတ်လေ့လာ၍ အတွင်းဝေဖန်ရေးဖြင့် ဝေဖန်ပြထားသည်။ ထို့ပြင် နရီနှင့်ပတ်သက်၍ မြဇင်သည် အမြင်မရှင်းကြောင်း၊ မြန်မာဝဏ္ဏ၏အသံနှင့် ယတိဖြတ်ကို ကောင်းစွာ နားမလည်ကြောင်း ဝေဖန်ထားသည်။ ထိုသို့ ဝေဖန်ရာတွင် ပညာရှင်တို့၏ အယူအဆများနှင့် ကဝိလက္ခဏာကဏ္ဍပါသကျမ်းတို့ကို ကိုးကား၍ မြဇင်၏အယူအဆနှင့်နှိုင်းယှဉ်၍ ဝေဖန်ပြထားသည်။

၁၉၇၂ ခုနှစ် ဇူလိုင်လထုတ် ရှုမဝမဂ္ဂဇင်းတွင်လည်း ကဗျာ့ပုံသဏ္ဌာန်နှင့်ပတ်သက်၍ ဒဂုန်တာရာ၏ အယူအဆကို ဝေဖန်ထားသည်။ ဆောင်းပါးတွင်

> ယခုအခါ ကာရန်မဲ့–မမဲ့ အရေးကြီးနေကြသည်။ ပုံသဏ္ဌာန် ပြဿနာ မျှသာဖြစ်၍ အရေးမကြီးလှပေ။ ပုံသဏ္ဌာန်ဆိုသည်မှာ ပြောင်းလဲစမြဲ ဖြစ်ပေသည်။ ကဗျာတွင် ကာရန်သည် အရေးအကြီးဆုံးမဟုတ်ပေ။ ကဗျာခံစားမှု၊ ကဗျာစိတ်ကူး၊ အဘိဓမ္မာတို့သည် ကာရန်ထက်ပိုအရေး ကြီးပေသည်။" [၃]

ဟူသည ဒဂုန်တာရာ၏အယူအဆကို ဝေဖန်ထားသည်။ ထိုသို့ ဝေဖန်ရာတွင် အနောက်တိုင်းပညာရှင်တို့၏ဝါဒများနှင့် နှိုင်းယှဉ်၍ ဝေဖန်ထားသည်။ ထို့ပြင် ဒဂုန်တာရာက စာပေဝေဖန်ရေးသည် သိပ္ပံပညာရပ်မဟုတ် ဟူသည့် ဝါဒကိုလည်း မောင်စံဖော်က

> "စာပေဝေဖန်ရေးသည် ဓာတုဗေဒကဲ့သို့သော သဘာဝသိပ္ပံပညာ မဟုတ်သည်ကားမှန်၏။ သို့သော် စိတ်ပညာတို့ကဲ့သို့ လူမှုသိပ္ပံပညာရပ်တစ်ခု ဖြစ်သည်ဟုကား ဆိုချင်ပါသည်။ အဘယ်ကြောင်နည်း၊ စာပေဝေဖန် ရေးဆရာ၏ လုပ်ထုံးလုပ်နည်းသည် သိပ္ပံပညာရှင်၏လုပ်ထုံးလုပ်နည်းနှင့် တူသောကြောင့် ဖြစ်ပါသည်။" [၄]

ဟူ၍ ဒဂုန်တာရာ၏အဆိုကို ချေပ၍ စာပေဝေဖန်ရေးလုပ်ငန်းသည် သိပ္ပံပညာရပ်သဘောဆန်ကြောင်း၊ သိပ္ပံပညာရပ်ကဲ့သို့ စနစ်တကျ၊ တိတိကျကျရှိဖို့လိုကြောင်း ဝေဖန်ထားသည်။ ထိုသဘောကို လည်း အနောက်တိုင်းပညာရှင်တို့၏ အဆိုအမိန့်များနှင့် နှိုင်းယှဉ်ဝေဖန်ထားသည်။

---

[၁] – ယင်း –၊ မေ၊ အတွဲ– ၂၅၊ အမှတ်– ၃၀၀၊ ၁၂၁။

[၂] စံဖော်၊ မောင်။ ၁၉၇၂၊ မေ၊ အတွဲ– ၂၅၊ အမှတ်– ၃၀၀၊ ၁၂၁။

[၃] – ယင်း –၊ ဇူလိုင်၊ အတွဲ– ၂၆၊ အမှတ်– ၃၀၂၊ ၁၇။

[၄] – ယင်း –၊ ၁၉။

မောင်စံဖော်သည် စာပေကို ဝေဖန်ရာတွင် ခေတ်ပေါ်ကဗျာနှင့် ပတ်သက်သည့် အယူဝါဒ တို့ကို အလေးပေး၍ ဝေဖန်လေ့ရှိသည်။ လိုအပ်လျှင် အနက်အဓိပ္ပာယ်ဖွင့်ဆို၍ ရှင်းပြတတ်သည်။ စာပေကို စာပေအတိုင်းကြည့်၍ စာပေနှင့်ပတ်သက်သည့် အယူအဆတို့ကိုသာ ဝေဖန်သည်။ ပုဂ္ဂိုလ်ရေးအမြင်ဖြင့် မဟုတ်ဘဲ စာပေအမြင်ဖြင့်သာ ဝေဖန်လေ့ရှိသည်။

အောင်သင်း

"စာပေသစ်" ဟူသော လှုပ်ရှားမှုနှင့်အတူ ပြောင်းလဲလာသည့် ခေတ်ပေါ်ကဗျာများသည် နိမိတ်ပုံ၊ သင်္ကေတ၊ ရစ်သမ် စသည့်တို့ဖြင့် ကဗျာများကို လေ့လာကြသည်။ ၁၉၇၁ ခုနှစ် နိုဝင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် အောင်သင်းက "မြန်မာဘာသာစကားနှင့် ကာရန်မဲ့ကဗျာ"ဟူ သည့် ခေါင်းစဉ် ဖြင့် "ကာရန်မဲ့ ကဗျာသမား"တို့က စည်းဝါးမိအောင်ရေးနိုင်လျင် (ချိုပြေသော ကဗျာ စည်းဝါးကို တွေ့အောင်ရှာနိုင်လျှင်) ကာရန်ငြိသံမပါဘဲ ကဗျာကောင်းတစ်ပုဒ် ဖြစ်လာနိုင်သည်။ ကာရန် ငြိသံကို ကြိုးပမ်းရှာဖွေရခြင်းသည် အတွေးအခေါ်ကိုလည်းကောင်း၊ အကြောင်းအရာကိုလည်းကောင်း အားပျော့ စေသည်ဟု ယူဆကြသည်ကို သက်သေသာဓကများနှင့် ဝေဖန်ထားသည်။ ထသို့ ဝေဖန်ရာတွင် ၁။ မြန်မာစကား၏ပင်ကိုသဘာဝ ၂။ ကာရန် ငြိသံကို စွဲမက်လွန်းခြင်း ၃။ ရွတ်သံမစဲသေးသော ကဗျာများကို သုံးသပ်ခြင်းဟူ၍ အချက်သုံးချက်ဖြင့် ဝေဖန်ထားသည်။ ထိုသို့ ဝေဖန်ရာတွင် ပညာရှင် တို့၏အယူအဆများ၊ မြန်မာစကား၏ သဘောသဘာဝများနှင့် နှိုင်းယှဉ်၍ ဝေဖန်ထားသည်။

၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလထုတ် ရှုမဝမဂ္ဂဇင်းတွင် အောင်သင်းက "ကဗျာအယူအဆကို ရှာဖွေခြင်း" ဆောင်းပါးဖြင့် ဒဂုန်တာရာ၏ကဗျာနှင့်ပတ်သက်သည့် အယူအဆများကို ထောက်ပြ ဝေဖန်ထားသည်။ ဒဂုန်တာရာက ကဗျာနှင့်ပတ်သက်၍ ဖွင့်ဆိုထားချက်များကို ဖတ်၍ ရှင်းလင်းမှု မရှိ ကြောင်း "ကဗျာဆိုတာဘာလဲ"ဟူ၍ သိချင်စိတ်ဖြစ်လာကြောင်းဖြင့် သုံးသပ်ပြထားသည်။ ဒဂုန်တာရာ ၏ကဗျာအယူအဆကို ဝေဖန်ရာတွင် အရေးအသားများကို သာဓကပြ၍ အတွင်းဝေဖန်မှုဖြင့် ဝေဖန်ပြ ထားသည်။

၁၉၇၂ခုနှစ် အောက်တိုဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် "မင်းသုဝဏ်၏မှာတမ်း" ခေါင်းစဉ် ဖြင့် သူ့မှာတမ်းကဗျာကို ဝေဖန်သုံးသပ်ထားသည်။ သူ့မှာတမ်းကဗျာကို ဝေဖန်ရာတွင် ကဗျာ၏ ဖွဲ့စည်းပုံ၊ ကဗျာပါဇာတ်လမ်းအကြောင်း၊ ကဗျာတင်ပြပုံ၊ ဇာတမာန်ကို ပေးစွမ်းနိုင်သည့် ကဗျာဖြစ်ကြောင်း အတွင်းဝေဖန်ရေးဖြင့်လေ့လာတင်ပြခဲ့သည်။ ကဗျာတွင် သုံးစွဲထားသည် "နေလုံးကွယ်ပုံ" သင်္ကေတ အသုံး၏ အင်အားကိုလည်း သုံးသပ်ပြထားသည်။ ထို့ကြောင့် ကဗျာတစ်ပုဒ်ကို လေ့လာလိုသူများ အတွက် အထောက်အကူဖြစ်စေသည်။ ကဗျာလေ့လာနည်းကို စံနမူနာ ယူလောက်သည့် ဆောင်းပါး တစ်ပုဒ်လည်းဖြစ်သည်။

ထို့ပြင် ၁၉၇၂ခုနှစ် နိုဝင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင်လည်း "ကြည်အေး၏သစ္စာသစ်" ခေါင်းစဉ်ဖြင့် ကြည်အေး၏သစ္စာသစ်ကဗျာကို ဝေဖန်ထားသည်။ ထိုသို့ ဝေဖန်ရာတွင် ကဗျာကို တစ်ပိုဒ်ချင်း အသေးစိတ်သုံးသပ်ပြသွားသည်။ စာပိုဒ်များ၊ စကားသုံးများအထိ ဝေဖန်ထားသည်။ တင်ပြပုံအဆင့်ဆင့်ကိုလည်း သုံးသပ်ပြထားသည်။ အတွင်းဝေဖန်ရေးဖြင့် ဝေဖန်ထားခြင်းဖြစ်သည်။ နောက်ဆုံး ကြည်အေး၏သစ္စာဟူသည့် အယူအဆကို

> "မီးသည် ပူလောင်၏။ ဤသည်မှာ သစ္စာဖြစ်သည်။ ထိုမီးကြောင့်ပင်
> "အသက်"ဖြစ်ထွန်းလာရ၏။ ဤသည်မှာလည်း သစ္စာပင်ဖြစ်၏။
>
> ကျွန်တော်တို့က ဟိုသစ္စာလိုလို၊ ဒီသစ္စာလိုလို တွေဝေတတ်ကြ သည်။ ဟန်ဆောင်ချင်ကြသည်။ ကြည်အေးက ဟန်မဆောင်။ ဘဝကို ရဲရဲ တွေး၍ ရဲရဲနေသည်။ ကျွန်တော့်ကိုယ်ကို ကျွန်တော်လှည့်စား နေသော

> ဟန်ဆောင်တွေးလုံးများကို ကြည်အေး၏ "သစ္စာသစ်"က လှောင်ပြုံး ပြုံးလိုက်သကဲ့သို့ ခံစားလိုက်ရသည်။ [၁]

ဟူ၍ သုံးသပ်ပြထားသည်။ ဆရာအောင်သင်းသည် ကြည်အေး၏သစ္စာသစ်ကဗျာကို အတွင်းဝေဖန်ရေးဖြင့် အကဲခတ်ကာ ဝေဖန်ထားသည်။ ကြည်အေး၏အယူအဆကိုလည်း ထုတ်နုတ်တင်ပြထားသည်မှာ နည်းယူဖွယ်ကောင်းလှပါသည်။

အောင်သင်းသည် စာပေကို ဝေဖန်ရာတွင် အကြောင်းအကျိုးချိတ်ဆက်၍ ဘက်လိုက်မှုမရှိဘဲ ဝေဖန်လေ့ရှိသည်။ စာပေ၏လိုအပ်ချက် အားနည်းများကို ထောက်ပြ၍ ဝေဖန်လေ့ရှိသည်။

မောင်တင်ရွှေ

၁၉၇၁ခုနှစ် မေလထုတ် ရှုမဝမဂ္ဂဇင်းတွင် မောင်တင်ရွှေက"သခင်ကိုယ်တော်မှိုင်းနှင့် ဘုန်းတော်ဘွဲ့ပြဿနာ" ခေါင်းစဉ်ဖြင့် သခင်ကိုယ်တော်မှိုင်း၏ ဩဘာလေးချိုးကြီးတစ်ပုဒ်ကို ဝေဖန်ထားသည်။ ဆောင်းပါးတွင်–

> "ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ဒေါင်းဋီကာပါ ဤကဗျာကို ၁၉၁၉ ခုနှစ်တွင် ရေးစပ်ခဲ့ပါသည်။ ဖေ–ပု–ရှိန် မြန်မာကိုယ်စားလှယ်အဖွဲ့ "ဟုံးမရူး" အတွက် အရေးဆိုရန် အင်္ဂလန်သို့သွားရောက်နေချိန်ဖြစ် ပါသည်။ ၄င်းမှာ ဝံသာနုလှုပ်ရှားမှု လူးလွင့်စ အချိန်ဖြစ်ပါသည်။ ထို့ကြောင့်လည်း နယ်ချဲ့ချင်းတိုက်ကြသည့် ပထမကမ္ဘာစစ်ကြီးတွင် ဂျာမနီသည်သာ နယ်ချဲ့ ကျူးကျော်ရေးသမား ဖြစ်သည်ဟူသော ဗြိတိသျှ နယ်ချဲ့သမား၏ ဝါဒဖြန့်ချက်သည် ထိုခေတ်က လူထုအမြင်ကို လုံးဝ လွှမ်းခြုံထားပုံရပါသည်။" [၂]

ဟူ၍ ခေတ်ကာလအခြေအနေနှင့် ထင်ဟပ်ဝေဖန်ပြထားသည်။ အပြင်ဝေဖန်ရေးနည်းဖြင့် ဝေဖန်ထားခြင်းလည်း ဖြစ်သည်။

> ထို့ပြင် ဗြိတိသျှအစိုးရသည် ပထမကမ္ဘာစစ်တွင် ဂျာမနီနှင့် နင်လားငါလား တိုက်ရသောအခါ အိန္ဒိယပြည်မှ လူအင်အား၊ ပစ္စည်းအင်အား ရရှိရေးသည် ၄င်းအဖို့ သေရေးရှင်ရေး ဖြစ်လာပါသည်။ ထို့ကြောင့် မိမိစစ်နိုင်ရေးအတွက် အိန္ဒိယပြည်က အင်တိုက်အားတိုက်ကူညီလျှင် စစ်ပြီးသောအခါ အိန္ဒိယပြည်၏ အုပ်ချုပ်ရေးကို တိုးတက်ပေးမည်ဟု ဘိလပ်ပါလီမန်က လေသံ ပစ်ခဲ့ရသည်။ ထိုအချိန်တွင် မြန်မာပြည်မှာ အိန္ဒိယပြည်၏ ပြည်နယ်တစ်ခုဖြစ်နေရာ ယင်းကတိသည် မြန်မာပြည်နှင့်ပါ အကြုံးဝင်နေပါသည်။ ထို့ကြောင့် ယခုဗြိတိသျှတို့စစ်နိုင်ပြီဖြစ်၍ မူလကတိအတိုင်း အုပ်ချုပ်ရေးကို တိုးမြှင့်ပေးပါ၊ ဟုမ္မရူးပေးပါဟု ပြည်သူတစ်ရပ်လုံးက လှုံ့ဆော်လိုသည်။ ယခုဖော်ပြနေသော ဩဘာ လေးချိုးကြီးတွင် ဤအချက်မှာ ပဓာနအခရာဖြစ်ပါသည်။ ရှော့ဘုရင်ကချီးမြှောက်ခြင်း၊ ကိုင်ဇာကို တရားပြခြင်းမှာ သာမညကိစ္စဖြစ် ပါသည်။ [၃]

ဟူ၍ ကဗျာရေးဖွဲ့ခဲ့သည့် ခေတ်ကာလနောက်ခံအခြေအနေနှင့် ဆက်စပ်သုံးသပ်ပြထားသည်။ သမိုင်းဆိုင်ရာအခြေခံဖြင့် အဆက်အစပ်ပြုဝေဖန်ထားခြင်းဖြစ်သည်။ တစ်နည်း အပြင်ဝေဖန်ရေးဖြင့် ဝေဖန်ထားခြင်းဖြစ်သည်။

မြင့်ဆွေ

---

[၁] အောင်သင်း၊ ၁၉၇၂၊ နိုဝင်ဘာ၊ အတွဲ–၂၆၊ အမှတ်–၃၀၆၊ ၁၀၅။

[၂] တင်ရွှေ၊ မောင်၊ ၁၉၇၁၊ မေ၊ အတွဲ–၂၅၊ အမှတ်–၂၈၉၊ ၇၈။

[၃] – ယင်း –၊ ၇၉။

မြင့်ဆွေက ၁၉၇၁ခုနှစ် ဇွန်လထုတ် မဂ္ဂဇင်းတွင် "အပြန်အလှန်ပေးစာများ (သီပေါမင်းနှင့် စုဖုရားလတ်)" ဆောင်းပါးတွင် သီပေါမင်းသားနှင့် စုဖုရားလတ်တို့၏ အပြန်အလှန်ပေးစာများ အကြောင်းကို လေ့လာသုံးသပ်ထားသည်။ ကုန်းဘောင်ခေတ်သည် ကဗျာလင်္ကာ ထွန်းကားသည့် ခေတ်ဖြစ်ရာ သူတို့၏စာများသည် ကဗျာလင်္ကာများဖြစ်နေကြောင်း၊ ထိုစာများကို "စာတော်များ" ဟု ခေါ်ဆိုကြောင်း ဝေဖန်ထားသည်။ သီပေါမင်းသားက စုဖုရားလတ်ထံ ပထမဆုံးပေးသော တေးထပ်နှင့်ပတ်သက်၍-

> "ဤတေးထပ်ကို မည်သည့်နေ့ရက်တွင် ရေး၍ မည်သည့်နေ့ရက်တွင် ပေး ကြောင်း အမှတ်အသား မတွေ့ရပေ။ သို့သော်'သကစ္စ'ဂါရဝရယ်နှင့်၊ အာစရ တောင်တော်"ဟူသော စကားကိုထောက်၍ တောင်တော်ဆရာတော်ထံ ပညာ သင်ကြားစဉ်က ပေးကြောင်းသိနိုင်သည်။
>
> တောင်တော်ကျောင်းတိုက်၌ သီပေါမင်းသားသည် ၁၂၃၆ ခုနှစ် က စ၍ နေထိုင်ကာ ပညာသင်ကြားခဲ့သည်။ သို့သော် ဤတေးထပ်ကို ထို ၁၂၃၆ ခုနှစ်က ရေးခဲ့ခြင်းမဟုတ်ပေ။ ၁၂၃၇ ခုနှစ် နယုန်လတွင် ကျင်းပ သည့် ပဌမငယ်တန်းကို အောင်မြင်၍ ၁၂၃၈ ခုနှစ် နယုန်လ စာတော်ပြန်ပွဲ၌ ပဌမငယ်တန်းကိုအောင်မြင်ပြီးနောက် ပဌမကြီး၊ ပဌမကျော် တန်းအတွက် ဆက်လက် သင်ကြားနေချိန်ဖြစ်သော ၁၂၃၈ ခုနှစ် နယုန် လ၊ ဝါဆိုလ နောက်ပိုင်းတွင်မှ ဤတေးထပ်ကို ရေးစပ်စီကုံးခြင်း ဖြစ်ကြောင်းကို 'သူထံ ခုအံ့ကျက်ပါလို့၊ စုပြန်ဆောင်ရွက် ပဌမကျော်' ဟူသော စကားဖြင့် သိရှိနိုင်ပါသည်။ [၁]

ဟူ၍ ဝေဖန်သုံးသပ်ပြထားသည်။ သီပေါမင်းသား၏ဘဝနှင့် ဆက်စပ်၍ ဝေဖန်ထားခြင်းဖြစ် သည်။ အတ္ထုပ္ပတ္တိနှင့် ဆပ်စပ်ဝေဖန်ခြင်းဖြစ်သည်။ ထို့ကြောင့် သီပေါမင်းသားသည် ကဗျာ လင်္ကာများ ရေးသားခဲ့ကြောင်း သမိုင်းအထောက်တစ်ခုကို ရရှိသကဲ့သို့၊ မြန်မာစာပေအတွက်လည်း အားတစ်ခုတိုး လာစေသည်။ တန်ဖိုးရှိသည့် ဆောင်းပါးတစ်ပုဒ်ပင် ဖြစ်ပါသည်။ ထို့ပြင် စာပေ ဝေဖန်ရေးအတွက် လည်း အထောက်အပံ့ဖြစ်စေသည့် ဆောင်းပါးတစ်ပုဒ်လည်း ဖြစ်ပေသည်။

## မင်းနွယ်

၁၉၇၁ ခုနှစ် ဇွန်လထုတ် မဂ္ဂဇင်းတွင် မင်းနွယ်က "ရေးမှာတမ်း လွမ်းရမလို" ဆောင်းပါးတွင် မောင်စံသူ၏ မှာတမ်းတစ်စောင်ကို သုံးသပ်ဝေဖန်ထားသည်။ "မှာတမ်း" ဟူသည်ကား လုလင် ပျို၊ လုံမပျိုတို့ ချစ်ရေးဆိုသည့် စာပေတစ်မျိုးပင် ဖြစ်ကြောင်းဖွင့်ဆိုရှင်းပြထားသည်။ ထို့ပြင် မောင်စံသူ၏ "မှာတမ်း"မှာ ချစ်ရေးချစ်ရာသမိုင်းစာပေတစ်ရပ်ဖြစ်ကြောင်း၊ မောင်စံသူ၏ အတွေးအထင်အပြောအဆို နက်နဲမှုရှိကြောင်းတို့ကို သုံးသပ်တင်ပြထားသည်။ မောင်စံသူ၏အရေးအဖွဲ့နှင့် ပတ်သက်၍

> ဒုလ္လဘငါးပါး ဘုရားဟောရာ၊ ချစ်သူကို သူ့အနေနှင့် ရနိုင်ခဲလှ၍ ဒုလ္လဘ တရားခြောက်ပါးဟုပင် မှတ်ချင်ပုံများ ရေးသားထားရာ စာပေ ကဗျာအတိုင်း အတာနှင့် မှတ်တင်ကြည့်ပါမူ၊ အနက်လွန်ခြင်းတည်းဟူ သော အစ္စုတ္တ ဒေါသ၊ အလွန်အကြူးပြောမှုဆိုမှုကြောင့် အတိဝုတ္တဒေါသပင် သင့်နိုင်သည်ဟု အချို့ အချို့သော သူတို့စိတ်ဝယ် ထင်မြင်စရာ ရှိပါသည်။
>
> အဖြေကား- အချစ်မှာတမ်း ချစ်သဝဏ်ဟူသမျှ ဘယ်အရာမှသဘာဝ ယုတ္တိ နှင့်ယှဉ်ကပ်၍မရနိုင်။လွန်လွန်ကဲကဲပင်ရေးကြသားကြတင်ပြကြ၏။ [၂]

---

[၁] မြင့်ဆွေ၊ ၁၉၇၁၊ ဇွန်၊ အတွဲ-၂၅၊ အမှတ်-၂၈၉၊ ၁၀၁-၁၀၂။
[၂] မင်းနွယ်၊ ၁၉၇၁၊ ဇွန်၊ အတွဲ-၂၅၊ အမှတ်-၂၈၉၊ ၇။

ဟူ၍ စာကိုယ်ထည်အရေးအသား၊ တင်ပြပုံတို့နှင့်ပတ်သက်၍ ဝေဖန်ထားသည်။ ထို့ပြင် ထိုသို့ လွန်လွန်ကြူးကြူးရေးဖွဲ့လေ့ရှိကြောင်းကို ရေးကဗျာတွင် ရေးသားကြပုံများနှင့်လည်း နှိုင်းယှဉ်၍ ဝေဖန်ပြထားသည်။ စာပေသစ်ဟူ၍ ကြွေးကြော်သံဖြင့် ခေတ်ပေါ်ကဗျာများကို ရေးသားနေချိန် တွင် ရေးကဗျာအသွင် "မှာတမ်း" မျိုးကို ရေးသားနေသူများရှိသည်မှာ ထူးခြားချက်တစ်ရပ်ပင် ဖြစ်သည်။ "မှာတမ်း" စာ၏သဘောသဘာဝကိုလည်း ဗဟုသုတအဖြစ်မှတ်သားရသဖြင့် အကျိုးရှိသည့် ဆောင်းပါးတစ်စောင်ဖြစ်ပေသည်။

(၁၉၇၁–၁၉၇၂)အတွင်း ရှုမဝမဂ္ဂဇင်းတွင် စာပေဝါဒနှင့် ပတ်သက်၍ ဝေဖန်ရေးသား ခဲ့ကြသည့် ဆောင်းပါးများသည် ကဗျာဝေဖန်ရေးဆရာတို့၏ အားနည်းချက်၊ လိုအပ်ချက်များကို ထောက်ပြ၍ ဖြည့်စွက်သည့်အနေဖြင့် ဝေဖန်ထားသည်။ ထို့ကြောင့် ဝေဖန်ရေးလုပ်ငန်းများ နည်းမှန် လမ်းမှန်သို့ ရောက်ရှိလာစေရန်အတွက်များစွာ အထောက်အကူပြုသည့် ဆောင်းပါးများ ဖြစ်သည်။ မြန်မာစာပေ တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အဖိုးတန်ကောင်းမွန် သည့် ဆောင်းပါးများ ဖြစ်သည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် ရှုမဝမဂ္ဂဇင်း(၁၉၇၁–၁၉၇၂)က ရေးသားခဲ့ကြသည့် ကဗျာဝေဖန်ရေးဆောင်းပါး များမှ စာရေးသူတို့၏ ဝေဖန်ရေးနည်းနာများကို လေ့လာတင်ပြထားပါသည်။ စာရေးသူတို့သည် ကဗျာနှင့်ပတ်သက်၍ ဝေဖန်ရာတွင် နှိုင်းယှဉ်ဝေဖန်နည်း၊ အပြင်ဝေဖန်ရေး၊ အတွင်းဝေဖန်ရေး၊ အဆက်အစပ်ပြုဝေဖန်ရေး၊ သမိုင်းစဉ်အရဝေဖန်ရေး၊ အတ္ထုပ္ပတ္တိနှင့်စပ်ဟပ်၍ ဝေဖန်ရေး စသည့် ဝေဖန်နည်း ၆ မျိုးကို အသုံးပြု၍ ဝေဖန်အကဲဖြတ်ကြသည်။ ဆောင်းပါးတစ်ပုဒ်ထဲတွင် ထိုဝေဖန်ရေးနည်းနာများမှ ၂ မျိုး သို့မဟုတ် ၃ မျိုးခန့် အသုံးပြု၍ ဝေဖန်လေ့ရှိသည်ကို တွေ့ရ သည်။ ထိုနည်းနာများနက် နှိုင်းယှဉ်ဝေဖန်နည်းနှင့် အတွင်းဝေဖန်နည်းကို အများဆုံး အသုံးပြု ဝေဖန် ကြသည်။ ထိုခေတ်သည် "စာပေသစ်" ဟူသည့် ကြွေးကြော်သံဖြင့် ကာရန်မဲ့ကဗျာများကို ရေးသား လာကြသည့် အချိန်ဖြစ်သည်။ ကာရန်မဲ့ကဗျာနှင့်ပတ်သက်သည့် အယူအဆ၊ ဝါဒ၊ ပုံသဏ္ဌာန်တို့နှင့် ပတ်သက်၍ ထုတ်ဖော် ရေးသားလာကြသည်။ ထိုအယူအဆတို့နှင့် ပတ်သက်၍ အယူအဆလွဲမှားမှု များ၊ အားနည်းများကို ထောက်ပြ၍ သော်လည်းကောင်း၊ အမှန်ကို သုံးသပ်ဖော်ထုတ်၍ သော်လည်း ကောင်း ဝေဖန်ခြင်းပြုထားသည်။ ထို့ကြောင့် စာပေသစ် စာရေးဆရာများ အတွက်များစွာ အထောက် အပံ့ ဖြစ်စေသည်။

ကဗျာဝေဖန်ရေးဆောင်းပါးများတွင် ထူးခြားသည့် ဆောင်းပါးတစ်ပုဒ်မှာ သီပေါမင်းနှင့် စုဖုရားလတ်တို့၏ အပြန်အလှန်ပေးစာများကို ဝေဖန်ထားသည့် ဆောင်းပါဖြစ်သည်။ မြန်မာ စာပေတွင် တိမ်မြုပ်နေသည့် စာပေတစ်ရပ်ကို ဖော်ထုတ်လိုက်ခြင်းပင်ဖြစ်သည်။ သီပေါမင်းနှင့် စုဖုရားလတ်တို့၏ စာများကို ဝေဖန်ရာတွင် အပြင်ဝေဖန်ရေးနှင့် အတွင်းဝေဖန်ရေးကို အသုံးပြု ဝေဖန်ထားသည်။ အချက်အလက်များကိုလည်း ဝေဖန်သုံးသပ်ပြထားသည်။

ရှုမဝမဂ္ဂဇင်းတွင်ပါဝင်သည့် ဝေဖန်ရေးဆောင်းပါးများသည်လည်း မြန်မာစာပေ၏အခန်း ကဏ္ဍတစ်ခုဖြစ်သည့် စာပေဝေဖန်ရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အားဖြည့်ပေးနေသည့် ဆောင်းပါး ကောင်းများဖြစ်ပါသည်။ စာပေဝေဖန်ရေးသမားများအတွက်လည်း အထောက်အကူ ဖြစ်စေသည့် ဆောင်းပါးများပင် ဖြစ်ပါသည်။ ထိုဝေဖန်ရေးနည်းနာများကို အသုံးပြု၍ စာပေများကို ဝေဖန်အကဲဖြတ် လေ့လာမှုများ ပြုလုပ်နိုင်ပါသည်။ စာပေသစ်တစ်ရပ် ပြောင်းလဲဖြစ်တည် လာချိန်တွင် စာပေတိုးတက် ရေးအတွက် တစ်ဖက်တစ်လမ်းမှ နည်းပေးလမ်းပြ အင်းအား ဖြည့်ခဲ့ ကြသည့် စာပေများဖြစ်သည်ဟု ယူဆမိပါသည်။ ကဗျာနှင့်ပတ်သက်သည့် စာရေးသူတို့၏

ဝေဖန်ရေးများကို အကဲခတ်၍ ဝေဖန် လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ဆက်လက်၍ ဝတ္ထု၊ ပြဇာတ်၊ အထွေထွေကဏ္ဍများကို စာပေ ဝေဖန်ရေးရှုထောင့်မှ လေ့လာတင်ပြရန်များ ကျန်ရှိနေပါသည်။

## နိဂုံး

ဤစာတမ်းတွင် ၁၉၇၁– ၁၉၇၂ ခုနှစ်အတွင်း ရေးသားခဲ့သည့် စာပေဆောင်းပါးများကို လေ့လာတင်ပြထားပါသည်။ ထို့သို့လေ့လာရာတွင် စာပေဝေဖန်ရေးရှုထောင့်မှ စာရေးသူတို့၏ ဝေဖန်ရေးအမြင်များ၊ ဝေဖန်ရေးနည်းလမ်းများကို လေ့လာတင်ပြထားပါသည်။ ဤစာတမ်းတွင် အားနည်းချက်၊ ချွတ်ယွင်းချက်များ ရှိပါက စာတမ်းရှင်၏ လိုအပ်ချက်သာဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


စံဖော်၊ မောင်။ (၁၉၇၂၊ဧပြီ)။ *ကဗျာ့စည်းဝါးနှင့်ကာရန်။* ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၅၊ အမှတ်–၂၉၉၊ ၉–၁၆။

စံဖော်၊ မောင်။ (၁၉၇၂၊မေ)။ ကဗျာလေ့လာသူ၏ အလုပ်နှင့်တာဝန်။ ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၅၊ အမှတ်–၃၀၀၊ ၁၂၁–၁၂၃/၁၄၃။

စံဖော်၊ မောင်။ (၁၉၇၂၊ဇူလိုင်)။ ကဗျာပုံသဏ္ဍာန်။ ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၆၊ အမှတ်–၃၀၂၊ ၁၅–၂၀။

ဇော်၊ မောင်။ (၁၉၇၂၊ဇန်နဝါရီ)။ *စကားပြေကဗျာ ပြဿနာအချို့။* ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၅၊ အမှတ်–၂၉၆၊ ၁၈၉–၁၉၄။

ဇော်၊ မောင်။ (၁၉၇၂၊ ဇူလိုင်)။ *ညွန့်ကြူး၏ဘိုးဘိုးအောင်ဈေး။* ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၆၊ အမှတ်–၃၀၂၊ ၁၁၃–၁၁၇။

ဇော်ဇော်အောင်။ (၂၀၁၅)။ *စာပေသဘောတရား စာပေဝေဖန်ရေးအခြေခံကျမ်း(တ–ကြိမ်)*။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

တာရာ၊ ဒဂုန်။(၁၉၇၁၊ဇန်နဝါရီ)။ *ယနေ့ကဗျာ ဘယ်လဲ။* ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၄၊အမှတ်–၂၈၄၊ ၂၀/၁၈၆၁–၈၈။

တာရာ၊ ဒဂုန်။ (၁၉၇၂၊ဇူလိုင်)။ ပန်းနုရောင် ရွှေရောင် မြရောင် စိန်သားရောင်။ ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၆၊ အမှတ်–၃၀၂၊ ၁၈၅–၁၈၉။

တင်ရွှေ၊ မောင်။ (၁၉၇၁၊မေ)။ သခင်ကိုယ်တော်မှိုင်းနှင့် ဘုန်းတော်ဘွဲ့ပြဿနာ။ ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၄၊ အမှတ်–၂၈၈၊ ၇၈–၇၉။

မြဇင်၊ တက်တိုး။ (၁၉၈၆)။ *ဝေဖန်ရေးစာပေစာတမ်းများ(ပ–တွဲ)။* ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မင်းနွယ်။ (၁၉၇၁၊ ဇွန်)။ *ရေးမှာတမ်းလွမ်းရမလိ။* ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၅၊ အမှတ်–၂၈၉၊ ၇–၈/၁၈၀။

မြင့်ဆွေ။ (၁၉၇၁၊ ဇွန်)။ *အပြန်အလှန်ပေးစာများ။* ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၅၊ အမှတ်–၂၈၉၊ ၁၀၀–၁၀၂/၁၄၉။

အောင်သင်း။ (၁၉၇၁၊နိုဝင်ဘာ)။ *မြန်မာဘာသာစကားနှင့် ကာရန်မဲ့ကဗျာ။* ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၅၊ အမှတ်–၂၉၄၊ ၇–၈/၁၅၄–၁၅၅။

အောင်သင်း။ (၁၉၇၂၊ဖေဖော်ဝါရီ)။ *ကဗျာအယူအဆကို ရှာဖွေခြင်း။* ရှုမဝမဂ္ဂဇင်း၊ အတွဲ–၂၅၊ အမှတ်–၂၉၇၊ ၇–၈/၁၃၆–၁၃၈။

အောင်သင်း။ (၁၉၇၂၊အောက်တိုဘာ)။ မင်းသုဝဏ်မှာတမ်း။ ရှုမဝမဂ္ဂဇင်း၊ အတွဲ-၂၆၊ အမှတ်-၃၀၅၊ ၁၇-၂၀။

အောင်သင်း။ (၁၉၇၂၊နိုဝင်ဘာ)။ ကြည်အေး၏သစ္စာသစ်။ ရှုမဝမဂ္ဂဇင်း၊ အတွဲ-၂၆၊ အမှတ်-၃၀၇၊ ၁၀၃-၁၀၅။